Homily of the 22nd Sunday on August 28 2022 in Burmese

Lk 14: 1, 7-14

**နှိမ့်ချခြင်းကို ကိုယ်ကိုယ်တိုင်မှာရော အသင်းအဖွဲ့ထဲမှာရော လေ့ကျင့်ပြီး ဘဝမှာ အမြဲတမ်း ကျင့်ဆောက်တည်ရမှာ ဖြစ်ပါတယ်။** နှိမ့်ချခြင်းဆိုတာက ကျွန်ုပ်မှာရှိတဲ့ အရာရာတိုင်းဟာ ဘုရားပေးတဲ့လက်ဆောင်များသာလျှင်ဖြစ်တယ် ဆိုတဲ့ ဘယ်လိုဘယ်အကြောင့်မှ ကျွန်ုပ်တို့ဟာ ကြွားဝါစရာအကြောင်းမရှိဘူးဆိုတဲ့ မိမိကိုယ်ကိုအမှန်အတိုင်းသိမြင်ခြင်း ဖြစ်ပါတယ်။ သူတပါးကို ဖိနှိပ်ဘို့အတွက် ကျွန်ုပ်မှာရှိတဲ့ ဘုရားပေးအရည်အချင်း ကျေးဇူးတော်များကို အသုံးမပြုရပါဘူး။ နှိမ့်ချခြင်းဆိုတာ ကျွန်ုပ်တို့ရဲ့တန်ဘိုးရှိခြင်းကို ကောင်းမွန်စွာ နားလည်ခြင်းဖြစ်ပါတယ်။ မိမိကိုယ်ကို အထင်လဲမကြီးရဘူး မိမိကိုယ်ကိုအထင်လဲမသေးရဘူး။ ဧဝံဂေလိကျမ်းက သင်ပေးတဲ့နှိမ့်ချခြင်းအကြောင်းဟာ မိမိကိုယ်ကိုလုံးဝအသုံးမကျတော့တဲ့ပုံစံမျိုးနဲ့ တချိန်လုံးစိတ်ဓာတ်ကျနေရမဲ့ပုံစံမျိုးကို သင်ပေးတာမဟုတ်ဘဲ၊ မိမိကိုယ်ကို ကောင်းစွာ မှန်ကန်စွာ တန်ဘိုးထားတတ်ခြင်းရှိဘို့ သင်ကြားပေးခြင်းဖြစ်ပါတယ်။ မိမိကိုယ်မှာ အမှန်အတိုင်းရှိနေဖြစ်နေခြင်းကို လက်ခံခြင်းကို နှိမ့်ချခြင်းလို့ခေါ်တယ်။ အရာတိုင်းကို ကျွန်ုပ်မသိနိုင်ပါဘူး၊ အရာရာတိုင်းကို ကျွန်ုပ်မှန်ကန်စွာမလုပ်ဆောင်နိုင်ပါဘူး၊ ကျွန်ုပ်ဟာ မပြည့်စုံတဲ့ အပြစ်သားတဦးပါ ဆိုတဲ့အချက်ကို လက်ခံရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်ုပ်တို့ဟာ ဘုရားရဲ့အသွင်သဏ္ဍာန်နဲ့တူတဲ့ အဖြစ်အခြေအနေနဲ့ ဖန်ဆင်းခြင်းခံရတာကိုတော့ သိမြင်လက်ခံရမှာဖြစ်ပါတယ်။

ဘုရားပေးထားတဲ့ အရည်အချင်း ကျေးဇူးတော်များကိုအသုံးပြုပြီး ကိုယ်တော်ရဲ့နိုင်ငံတော်ကို တည်ဆောက်တဲ့နေရာမှာ ပါဝင်ကြရမှာ ဖြစ်ပါတယ်။ သူ့ရဲ့တပါးတည်းသောသားတော်ရဲ့ ကယ်တင်ခြင်းကို ခံရတဲ့ကျွန်ုပ်တိုတွေဖြစ်ကြတဲ့အတွက်ကြောင့် ဘုရားရဲ့သားသမီးများဖြစ်ကြတဲ့ ကျွန်ုပ်တို့အားလုံးဟာ ဘုရားရဲ့ချစ်ခြင်းကို ခံရတဲ့ဘုရားသားသမီးများ ဖြစ်ကြပါတယ်။ သခင်ယေရှုသင်ကြားတဲ့ နှိမ့်ချခြင်းက လူမှုအဖွဲ့အစည်းနဲ့လဲ ဆက်နွယ်ပတ်သက်တာကို ကျွန်ုပ်တို့သိမြင်နိုင်ပါတယ်။ နှိမ့်ကျတဲ့ဘဝအခြေအနေမှာရှိတဲ့ လူများကို အပေါင်းအဖော်လုပ်ဘို့ အပယ်ခံရတဲ့လူများနဲ့အသင်းအပင်းဖွဲ့ဘို့ သခင်ဘုရားက ကျွန်ုပ်တို့ကို ဖိတ်ခေါ်ပါတယ်။ ကျွန်ုပ်တို့ဟာ အိမ်ယာမရှိတဲ့သူများ၊ ကိုယ်အင်္ဂါမသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ ဆင်းရဲနွမ်းပါးသူများနဲ့ အဆက်အသွယ်ရှိဘို့ ထိုသူတွေကို သူတို့ဆီက ဘာမှပြန်ပြီးမမျှော်လင့်တဲ့ချစ်ခြင်းမျိုးနဲ့ချစ်ဘို့ သခင်ဘုရားက ကျွန်ုပ်တို့ကို ဖိတ်ခေါ်ပါတယ်။

**ကျွန်ုပ်တို့ဟာ ကိုယ်တော်ရဲ့နိုင်ငံတော်စားပွဲတော်မှာ ဘုရားရဲ့ဖိတ်ခေါ်ခြင်းကို ခံရတဲ့လူတွေ၊ ဧည့်သည်တွေဖြစ်ကြပါတယ် ဆိုတာကိုသတိရကြရမှာ ဖြစ်ပါတယ်။** မစ်ဆားတရားမှာ ပါဝင်တိုင်း ရောက်ရှိလာမဲ့ကောင်းကင်စားပွဲတော်မှာ ပါဝင်ဘို့ ကြိုတင်ပြီးပါဝင်ခြင်းဖြစ်ပါတယ်။ ဝိညာဉ်ရေးနဲ့ပတ်သက်လာပြီးဆိုရင် ကျွန်ုပ်တို့ဟာ ဆင်းရဲသားများ၊ ကိုယ်ခနဓချို့တဲ့သူများ၊ ကိုယ်တော်ရဲ့ ကျေးဇူးတော်နဲ့အကူအညီကိုလိုအပ်သူများ ဖြစ်ကြပါတယ်။ တည့်တည့်မတ်မတ်နဲ့ ခရီးပြုနိုင်ဘို့ ကိုယ်တော်ရဲ့အကူအညီကိုလိုအပ်တယ်။

ယုံကြည်ခြင်း၌ ခိုင်မြဲစွာလျှောက်လှမ်းနိုင်ဘို့ ကိုယ်တော်ရဲ့ကျေးဇူးတော်ကို ကျွန်ုပ်တို့လိုအပ်ပါတယ်။ ယုံကြည်ခြင်းနဲ့ပတ်သက်လာရင် ကျွန်ုပ်တို့ဟာ မျက်စေ့ကန်းလို့ ယုံကြည်ခြင်းနဲ့ပတ်သက်တဲ့ အလင်းကျေးဇူးတော်နဲ့ ရှင်းရှင်းလင်းလင်း မြင်တွေ့နိုင်အောင် ကျွန်ုပ်တို့ ကျေးဇူးတော်ကို တောင်းခံရမှာ ဖြစ်ပါတယ်။ ကျွန်ုပ်တို့ ရောက်ရှိရမဲ့နေရာကတော့ သေချာတယ်။ မစ်ဆားတရားတော်မှာ ကျွန်ုပ်တို့ စိတ်ပါကိုယ်ရောက်ပါဝင်ခြင်းအားဖြင့် ကိုယ်တော်ရဲ့ဖိတ်ခေါ်ခြင်းကို လက်ခံကြပါစို့။

Thomas Merton ဆိုတဲ့ရသေ့ကြီးတပါး ကိုယ်တော်မြတ်ပင့်ယူခြင်းနဲ့ပတ်သက်ပြီး သူ့ရဲ့ခံစားမှုကိုဘယ်လိုရေးထားလဲဆိုတော့ ကောင်းကင်ချမ်းသာဟာ ငါ့အတွက်ဖြစ်နေပါရော့လား။ ခရစ်တော်ဘုရားဟာ ဒီသေးငယ်တဲ့မုန့်ထဲမှာ ကျိန်းဝပ်စံပယ်တော်မူပါတယ်။ မိမိကိုယ်တော်ကို ငါ့အားပေးအပ်လိုက်ပါတယ်။ ဒီးလိုနဲ့ငါလဲဘဲ ပုဂ္ဂိုလ်သုံးပါးတဆူဘုရားနဲ့ ပေါင်းစပ်ခွင့်ရနေပါတယ်။ ဘက်သလေဟင်အသစ်ဖြစ်တဲ့ ငါ့ရဲ့ခန္ဓာကိုယ်မှာ ကိုယ်တော်မွေးဖွားလာပါတယ်။ ငါ့ရဲ့ခန္ဓာမှာရှိတဲ့ ကာလဝါရီတောင်မှာ ကိုယ်တော်ဟာ မိမိကိုယ်တော်ကို ပူဇော်ပါတယ်။ ငါ့ရဲ့ခန္ဓာထဲမှာ ကိုယ်တော်ဟာ ရှင်ပြန်ထမြောက်ပါတယ်။ ဘုရားဟာ ထူးခြားစွာငါ့ကို သူ့ရဲ့အသက်တာမှာ ပါဝင်ခွင့်ပေးတော်မူပါတယ် ဆိုပြီးရေးသားခဲ့ပါတယ်။

ကျွန်ုပ်တို့ဟာ ဘုရားရှင်ရဲ့ ဖိတ်ခေါ်ခြင်းကို ခံရတဲ့ ဧည့်သည်များ ဖြစ်ကြရသလို လူတိုင်းလူတိုင်းကို လက်ခံကြိုဆို ဧည့်ခံရမဲ့သူလဲ ဖြစ်ကြရမှာ ဖြစ်ပါတယ်။ ဘုရားရဲ့တထူးတခြားဖိတ်ခေါ်ခြင်းခံရတဲ့ဧည့်သည်များအဖြစ်

ဒီလောကကြီးမှာ အမြဲတမ်း ကျွန်ုပ်တို့ထက်ကြီးမြတ်တဲ့
ဘုရားရဲ့ရှေ့မျက်မှောက်တော်မှာရှိနေတယ်ဆိုတာကို သတိရပြီး နှိမ့်ချစွာနဲ့
အမြဲတမ်းပြုမူဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ လောကလူသားများကို
လက်ကြိုဆိုတဲ့ ဧည့်သည်ကိုဧည့်ခံသူများအဖြစ် ကျွန်ုပ်တို့ကို ဘာတခုမှာ
ပြန်ပြီးကျေးဇူးမပြုနိုင်တဲ့သူများကို ဧည့်ဝတ်ကျေပြွန်မှု ပေးဆက်ကြရမှာ
ဖြစ်ပါတယ်။ ကျွန်ုပ်တို့ရဲ့မိသားစုဝင်များနဲ့ အသိမိတ်ဆွေများကိုလဲ
ချန်မထားရပါဘူး။ ကျွန်ုပ်တို့မှာ ရှိသမျှအရာအားလုံးဟာ
ကျေးဇူးတော်ရဲ့အရင်းအမြစ်ဖြစ်တဲ့ ဘုရားသခင်ဆီကလာတာကို
အမြဲတမ်းသိရှိနေရမှာ ဖြစ်ပါတယ်။ ကျေးဇူးတော်အပေါင်းကို
ပေးနေသောသူအဖြစ် ဘုရားကို အသိအမှတ်ပြုရမှာဖြစ်ပါတယ်။
နှိမ့်သောနေရာကိုရွေးချယ်ပြီး သူတပါးထက်ပိုပြီးသာလွန်တယ်ဆိုပြီး
ကျွန်ုပ်တို့ မိမိကိုယ်ကို မထင်မှတ်ရပါဘူး   အရာအားလုံးဟာ ဘုရားဆီကနေ
ရရှိထားလို့ဘဲဖြစ်ပါတယ်။ ဒီလိုနဲ့ နှိမ့်ချသော စိတ်နေစိတ်ထားကို
ကျွန်ုပ်တို့အထဲမှာ ပုံသွင်းရမှာဖြစ်ပါတယ်။ အဲဒီးလိုနဲ့
စိတ်နှလုံးရဲ့ငြိမ်းချမ်းသာယာမှုကို ကျွန်ုပ်တို့နေထိုင်သွားရမှာဖြစ်ပါတယ်။
စစ်မှန်သော ခရစ်ယာန်ရဲ့နှိမ့်ချခြင်း ကနေကျွန်ုပ်တို့ရရှိလာမဲ့
ငြိမ်းချမ်းသာယာခြင်း ဖြစ်ပါတယ်။